ပြည်နယ်အဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမ သဘောတူညီချက်

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ မတ်လ ၇ ရက် နေရာ၊ လွိုင်ကော်မြို့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသော ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် အောက်ဖော်ပြပါ ကိစ္စရပ်များကို ပဏာမ ဆောင်ရွက်ရန် သဘောတူညီလက်မှတ်ရေးထိုးကြပါသည်-

(က) နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရန်ကိစ္စ၊

(ခ) ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ (လက်နက်မပါ) ထားရှိရန်ကိစ္စ၊

(ဂ) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့ တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့်နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ညှိနှိုင်းရန်ကိစ္စ။

၂။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့မှ ပေးအပ်သော ပြည်ထောင်စုအဆင့် အစည်းအဝေးတွင် ဆွေးနွေးမည့် အချက်(၂၀)ပါစာတမ်းအား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ လက်ခံရရှိပါသည်။ လာမည့်ပြည်ထောင်စုအဆင့် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန် သဘောတူပါသည်။

၃။ အထက်ဖော်ပြပါအချက်များကို သဘောတူညီကြပါသဖြင့် အောက်တွင် လက်မှတ်ရေးထိုးကြပါသည်-

**ကယားပြည်နယ်**
**ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့**

---------------------

ဗိုလ်မှူးကြီး တင်စိုး
ဝန်ကြီး
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
ကယားပြည်နယ်အစိုးရအဖွဲ့

**ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့**
**ကရင်နီအမျိုးသားတိုးတက်ရေးပါတီ**
**(KNPP)**

---------------------

ဗိုလ်မှူးကြီးဘုန်းနိုင်
ပါတီဗဟိုကော်မတီဝင်
စစ်ရေးချုပ်
ကရင်နီပြည်တပ်မတော်